ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အခွန်အယူခံ ခုံအဖွဲ့

ညွှန်ကြားချက်အမှတ်၊ ၃ / ၂၀၂၀

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၀ ရက်)

## အခွန်အယူခံ ခုံအဖွဲ့သို့ အမှုများ တင်သွင်းလျှောက်ထားခြင်း၊ လျှောက်လဲချက်ပေးခြင်း တို့နှင့် စပ်လျဉ်း၍ လိုက်နာ ဆောင်ရွက်ရန်ကိစ္စ

၁။ အခွန်အယူခံ ခုံအဖွဲ့သည် အခွန်အယူခံ ခုံအဖွဲ့ ဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ အခွန်အယူခံ ခုံအဖွဲ့သို့ အမှုများ တင်သွင်းလျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ အခွန်အယူခံ ခုံအဖွဲ့ဥပဒေ ပုဒ်မ၁၉နှင့် အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများနည်းဥပဒေ ၉ တို့တွင် လျှောက်ထားသူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အကျိုးဆောင်ရှေ့နေဖြင့်ဖြစ်စေ အခွန်အယူခံ ခုံအဖွဲ့ရုံး မှတ်ပုံတင်အရာရှိထံသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားရမည်ဟု ပြဋ္ဌာန်းထားသဖြင့် လျှောက်ထားသူများသည် အခွန်အယူခံခုံအဖွဲ့ဥပဒေ၊နည်းဥပဒေများနှင့်အညီ အမှုများကို တင်သွင်းလျှောက်ထားရန် လိုအပ်ပါသည်။

၃။ ထို့ပြင် အခွန်အယူခံခုံအဖွဲ့ ရှေ့မှောက်တွင် အမှုများ လျှောက်လဲချက် ပေးခြင်းနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၃၊ နည်းဥပဒေ၁ နှင့် ၂ ပါ ပြဋ္ဌာန်းချက်များအရ အခွင့်ရ ကိုယ်စားလှယ်သည် အမှုသည်ကိုယ်စား တရားရုံးသို့ လာရောက်ခြင်း(appearances)၊ လျှောက်ထားခြင်း (applications)၊ ဆောင်ရွက်ခြင်း(acts) ပြုနိုင်သော်လည်း ရှေ့နေရှေ့ရပ်များ နည်းတူ တရားရုံးတွင် လျှောက်လဲချက် ပေးခြင်း (pleading or addressing) ကို ရှေ့နေလိုင်စင် မရှိဘဲ ပြုပိုင်ခွင့် မရှိသဖြင့် လျှောက်ထားသူ ကိုယ်တိုင် သို့မဟုတ် အကျိုးဆောင်ရှေ့နေများ သို့မဟုတ် ရှေ့နေလိုင်စင် ရရှိထားသူ အခွင့်ရကိုယ်စားလှယ်များကသာ လျှောက်လဲချက်ပေးခြင်းကို ခုံအဖွဲ့က လက်ခံ ကြားနာ ခွင့်ပြုမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အခွန်အယူခံ ခုံအဖွဲ့သို့ အမှုများ တင်သွင်းလျှောက်ထားခြင်း၊ အခွန်အယူခံ ခုံအဖွဲ့ ရှေ့မှောက်၌ လျှောက်လဲချက် ပေးခြင်းတို့ကို ဤညွှန်ကြားချက်ပါအတိုင်း တိကျစွာ လိုက်နာ ဆောင်ရွက်ကြရန် ညွှန်ကြားပါသည်။

(ဝင်းတင်)

ဥက္ကဋ္ဌ

အခွန်အယူခံ ခုံအဖွဲ့

စာအမှတ်။ အခယ (ဖွဲ့) / ၃ / ၀၁ ( ၁၀၃ / ၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ ရက်

ဖြန့်ဝေခြင်း

အဖွဲ့ဝင်များ၊ အခွန်အယူခံ ခုံအဖွဲ့

ညွှန်ကြားရေးမှူးချုပ်၊ အခွန်အယူခံ ခုံအဖွဲ့ရုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
- အများပြည်သူ သိရှိစေရန်အတွက် မြန်မာနိုင်ငံ ပြန်တမ်း အပိုင်း ( ၂ ) တွင် ထည့်သွင်းပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ကြော်ငြာသင်ပုန်း

မိတ္တူကို

- ရုံးလက်ခံ
- မျှောစာတွဲ